JUSTICE FOR MYANMAR

**သတင်းထုတ်ပြန်ချက်**

**ဇန်နဝါရီ ၁၁ ၊၂၀၂၃ - မြန်မာ**

# ထိုင်းမူးယစ်ဆေးဝါးစီးနင်းမှုမှာ မင်းအောင်လှိုင် သားသမီးတွေရဲ့ပိုင်ဆိုင်မှုတွေ ဖမ်းဆီးရမိ

*ပိုင်ဆိုင်မှုတွေကို သိမ်းဆည်းပြီး စုံစမ်းစစ်ဆေးရန် ထိုင်းအာဏာပိုင်များကို Justice For Myanmar တောင်းဆို*

မြန်မာခရိုနီ လက်နက်ပွဲစား ထွန်းမင်းလတ်ကို ဖမ်းဆီးချိန် သိမ်းဆည်းရမိခဲ့တဲ့ ပစ္စည်းတွေမှာ စစ်အုပ်စု ခေါင်းဆောင် မင်းအောင်လှိုင်ရဲ့ သားသမီးတွေ ပိုင်ဆိုင်တဲ့ အဆင့်မြင့်ဇိမ်ခံဘန်ကောက်ကွန်ဒို တစ်လုံးနဲ့ Siam Commercial Bank ဘဏ်စာအုပ်နှစ်အုပ်တို့ ပါဝင်ကြောင်း Justice For Myanmar က ဒီနေ့ ထုတ်ပြန်တဲ့ အစီရင်ခံစာတစ်စောင်မှာ ဖွင့်ချထားပါတယ်။

ထွန်းမင်းလတ်နဲ့ သူရဲ့လုပ်ဖော်ကိုင်ဖက် သုံးဦးတို့ကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှာ စက်တင်ဘာလ ၁၇ ရက်နေ့ အရုဏ်တက်ချိန်မှာ စီးနင်း ဖမ်းဆီးခဲ့ပြီး၊ သူတို့ကို  မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှု၊ ငွေကြေးခဝါချမှုနဲ့ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတို့နဲ့ ဒီဇင်ဘာ ၁၃ ရက်နေ့က စွဲချက်တင် ခဲ့ပါတယ်။

ထွန်းမင်းလတ်ရဲ့ ရာဇဝတ်မှုတွေနဲ့ ဆက်စပ်နေတဲ့ အထောက်အထားတွေ ရှိနေပေမယ့် ထိုင်းအာဏာပိုင် တွေဟာ အောင်ပြည်စုံနဲ့ ခင်သီရိသက်မွန်တို့ရဲ့ ပိုင်ဆိုင်မှုတွေကို သိမ်းယူထားခြင်းမရှိသေးကြောင်း Justice For Myanmar က နားလည်ထားပါတယ်။

ထွန်းမင်းလတ်နဲ့ သူ့ရဲ့ ကွန်ရက်ထဲက လုပ်ဖော်ကိုင်ဖက်တွေ ပိုင်ဆိုင်တဲ့ အိမ်ခြံမြေအများအပြားရဲ့ စာရွက်စာတမ်းတွေကို သိမ်းဆည်းခဲ့ပါတယ်။

သိမ်းဆည်းခဲ့တဲ့ ပစ္စည်းတွေထဲမှာ Belle Rama 9 ကွန်ဒိုမှာ မင်းအောင်လှိုင်ရဲ့ သားဖြစ်သူအောင်ပြည့်စုံ ပိုင်ဆိုင်တဲ့ အိမ်ခန်းလေးခန်းပါ ကွန်ဒိုအခန်းတစ်ခန်း ပါဝင်ပါတယ်။

Belle Rama 9ကွန်ဒိုမှာရှိတဲ့ ပုံစံတူကွန်ဒိုခန်းတွေကို အမေရိကန်ဒေါ်လာ ၁ သန်းနီးပါးနဲ့ ရောင်းချဖို့ ကြော်ငြာထားပါတယ်။

သိမ်းဆည်းရမိတဲ့ ပစ္စည်းတွေမှာပါဝင်တဲ့ Siam Commercial Bank စာအုပ်တွေဟာ မင်းအောင်လှိုင်ရဲ့ သမီးဖြစ်သူ ခင်သီရိသက်မွန် နာမည်နဲ့ ဖြစ်ပါတယ်။

ထွန်းမင်းလတ်ကို ဖမ်းဆီးတဲ့အချိန်မှာအဲဒီ ကွန်ဒိုအခန်းနဲ့ ဘဏ်စာအုပ်တွေဟာ ထွန်းမင်းလတ်နဲ့ လက်ပူးလက်ကြပ်ဖမ်းမိတဲ့ ပစ္စည်းစာရင်းတွေမှာ ပါတာဖြစ်ပါတယ်။

မင်းအောင်လှိုင်နဲ့ သူ့ရဲ့ သားသမီးနှစ်ဦးကို အမေရိကန် နဲ့ ကနေဒါနိုင်ငံတို့က ဒဏ်ခတ်ပိတ်ဆို့ အရေးယူထားပါတယ်။

မင်းအောင်လှိုင်နဲ့ ထိုင်းနိုင်ငံမှာ ၂၀၁၄ ခုနှစ် စစ်တပ်က အာဏာသိမ်းတာကို ဦးဆောင်ပြီး ဝန်ကြီးချုပ်ဖြစ်လာတဲ့ ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာတို့ ရင်းနှီးတဲ့ ပုဂ္ဂိုလ်ရေးဆက်ဆံမှု ရှိနေတဲ့ အခြေအနေမှာ ယခုဖြစ်ရပ်တွေ မမျှော်လင့်ဘဲ ထွက်ပေါ်လာတာဖြစ်ပါတယ်။

ထိုင်းအာဏာပိုင်တွေအနေနဲ့ အောင်ပြည့်စုံနဲ့ ခင်သီရိသက်မွန်တို့ရဲ့ ပိုင်ဆိုင်မှုတွေကို သိမ်းဆည်းပြီး၊ စွဲဆိုထားတဲ့ ရာဇဝတ်မှုကနေ သူတို့တွေ အကျိုးအမြတ်ရရှိခဲ့ခြင်းရှိမရှိကို စုံစမ်းစစ်ဆေးဖို့နဲ့ စစ်အုပ်စုအဖွဲ့ဝင်တွေ၊ သူတို့ရဲ့ မိသားစုတွေနဲ့ အားပေးပံ့ပိုးနေတဲ့ ထောက်တိုင်တွေက ထိုင်းဘဏ်တွေကို အသုံးပြုနေကြတာတွေနဲ့ ထိုင်းနိုင်ငံမှာ ပိုင်ဆိုင်မှုတွေ ဝယ်ယူနေကြတာတွေကို ပိတ်ပင်တားဆီးဖို့ Justice For Myanmar က တိုက်တွန်းတောင်းဆိုပါတယ်။

ထိုင်းဘဏ်တွေအနေနဲ့ ဒဏ်ခတ်ပိတ်ဆို့ထားတဲ့ စစ်အုပ်စုအဖွဲ့ဝင်တွေ၊ ခရိုနီတွေနဲ့ သူတို့ မိသားစုဝင်တွေရဲ့ ဘဏ်အကောင့်တွေကို ပိတ်သိမ်းဖို့ Justice For Myanmar က တောင်းဆိုပါတယ်။

အစိုးရတွေအနေနဲ့ စစ်အုပ်စုက ဘဏ္ဍာငွေရရှိနေတာကို ဖြတ်တောက်ဖို့အတွက် စစ်အုပ်စုရဲ့ ဘဏ္ဍာရေးဆိုင်ရာ ထောက်တိုင်တွေကို အရေးတကြီး ဒဏ်ခတ်ပိတ်ဆို့ဖို့နဲ့ တရားမဝင် စစ်အာဏာသိမ်းကြိုးပမ်းပြီး မြန်မာပြည်သူတွေ ပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို ခိုးပြီး အကျိုးအမြတ်ရှာနေတဲ့ စစ်ဗိုလ်ချုပ်ကြီးတွေနဲ့ သူတို့မိသားစုတွေအတွက် အခွင့်အလမ်းတွေကို ပိတ်ပင်တားဆီးကြဖို့ Justice For Myanmar က ထပ်မံတောင်းဆိုလိုက်ပါတယ်။

**Justice For Myanmar ရဲ့ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "မင်းအောင်လှိုင် သားသမီးတွေရဲ့ ပိုင်ဆိုင်မှုတွေဟာ နိုင်ငံတကာ ရာဇဝတ်ကောင်ရဲ့ လက်ဝယ်ရှိနေတယ်ဆိုတဲ့အချက်က ထိုင်းအစိုးရနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းအတွက် အချက်ပေးခေါင်းလောင်းထိုးသံ ဖြစ်သင့်ပါတယ်။

"ထိုင်းအာဏာပိုင်တွေအနေနဲ့ အောင်ပြည့်စုံနဲ့ ခင်သီရိသက်မွန်တို့ရဲ့ ပိုင်ဆိုင်မှုတွေကို သိမ်းဆည်းပြီး၊ ထွန်းမင်းလတ် စွဲဆိုခံထားရတဲ့ ငွေကြေးခဝါချမှုနဲ့ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှုတွေကနေ အကျိုးအမြတ်တွေ ရရှိခဲ့ခြင်းရှိမရှိကို စုံစမ်းစစ်ဆေးဖို့၊ ထိုင်းဥပဒေချိုးဖောက်မှုတစုံတရာတွေ့ရှိရင် သူတို့ကို တရားစွဲဆိုဖို့ Justice For Myanmar က တိုက်တွန်းတောင်းဆိုပါတယ်။

"မြန်မာစစ်အုပ်စုဟာ အကြမ်းဖက်အဖွဲ့အစည်းတစ်ရပ်ဖြစ်ရုံသာမကဘဲ ထွန်းမင်းလတ်တို့လို နိုင်ငံတကာ ရာဇဝတ်မှုကျူးလွန်နေတဲ့ ထောက်တိုင်တွေနဲ့ ပူးပေါင်းလုပ်ကိုင်နေတဲ့ နိုင်ငံဖြတ်ကျော် ရာဇဝတ်လုပ်ငန်း တစ်ရပ်လည်း ဖြစ်ပါတယ်။ ထွန်းမင်းလတ်က စစ်တပ်ပိုင် ကာစီနိုလုပ်ငန်းကို ပူးတွဲပိုင်ဆိုင်ပြီး၊ ယခုစွဲချက် တင်ခံထားရတဲ့ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှုနဲ့ ငွေကြေးခဝါချမှုတွေ ကျူးလွန်နေသူဖြစ်ပြီး တစ်ချိန်ထဲမှာ မြန်မာစစ်တပ်အတွက် စစ်လက်နက်ဝယ်ယူမှုတွေမှာလည်း ပွဲစားလုပ်ပေးခဲ့ပါတယ်။

"စစ်အုပ်စုက မြန်မာပြည်သူတွေအပေါ် အကြမ်းဖက်စစ်ဆင်ရေးတွေ ဆက်လုပ်နေချိန်မှာ စစ်အုပ်စု အဖွဲ့ဝင်တွေရဲ့ မိသားစုတွေက စစ်တပ်ရဲ့ လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ် အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကနေ အကျိုးအမြတ်တွေရလာတဲ့ သူတို့ရဲ့ ခိုးရာပါ ပိုင်ဆိုင်မှုတွေကို နိုင်ငံပြင်ပမှာ ဖုံးကွယ်ဖို့ ကြိုးပမ်းနေကြပါတယ်။

"အစိုးရတွေအနေနဲ့ မြန်မာစစ်တပ်ဟာ နိုင်ငံကနေ ခိုးယူထားတဲ့ ခိုးရာပါတွေကို လွှဲပြောင်းနေတာကို အရေးတကြီး ပိတ်ပင်တားမြစ်ရပါမယ်။ စစ်အုပ်စုနဲ့ သူတို့မိသားစုဝင်တွေ နိုင်ငံတကာငွေကြေးစနစ်ကို အသုံးပြုခွင့်ကိုလည်း အရေးတကြီး ပိတ်ပင်ရပါမယ်။ ဒီလိုမလုပ်ဆောင်ဘူးဆိုရင် စစ်အုပ်စုရဲ့နိုင်ငံတကာ ရာဇဝတ်မှုတွေနဲ့ အကျင့်ပျက်ခြစားမှုတွေမှာ ကြံရာပါပတ်သက်နေတဲ့ အန္တရာယ်ရှိနေမှာ ဖြစ်ပါတယ်။"

## ပိုမိုသိရှိရန်

မင်းအောင်လှိုင် သားသမီးများ၏ ပိုင်ဆိုင်မှုများအား ထိုင်းအစိုးရက သိမ်းဆည်းမှုအကြောင်း ကျွန်ုပ်တို့၏ အစီရင်ခံစာကို ယခုနေရာတွင် ဖတ်ရှုပါ။

Star Sapphire Group of Companies အကြောင်း ကျွန်ုပ်တို့၏ အစီရင်ခံစာအပြည့်အစုံကို ယခုနေရာတွင် ဖတ်ရှုပါ။

စစ်အုပ်စု အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ စီးပွားရေးလုပ်ငန်းများအကြောင်း အသေးစိတ်ကို ဤနေရာတွင် ကြည့်ရှုပါ။

Justice For Myanmarသည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။

**Justice For Myanmar** | media@justiceformyanmar.org

https://www.justiceformyanmar.org/ | Mirror:

https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/